
mgyoe.com

# သားသားတို့ အရွယ်
# သူရဲကောင်းများ

မောင်ရဲကြည်(လူငယ်)



ဒုတိယအကြိမ်

mgyoe.com




မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် အားကျစရာကောင်းသော သူရဲကောင်းများ ပေါ်ပေါက်ခဲ့၏။ ယင်းတို့ထဲတွင် ကလေးသူငယ်ဘဝမှ စတင်ပြီး ထွန်းကားသော သူရဲကောင်းများ အများအပြား ပါဝင်၏။

သူတို့သည် လက်ရုံးရည် သူရဲကောင်းများချည်း မဟုတ်ပေ၊ ဉာဏဓာနည် သူရဲကောင်းများလည်း ပါဝင်ကြလေသည်။

သူတို့အကြောင်းကို ဖတ်ရှုပြီး အားကျသည်။ သူတို့ကဲ့သို့ ဖြစ်ချင်သည်။ နိုင်ငံအတွက် စွန့်စားချင်သည်။ လုပ်သားပြည်သူတို့အတွက် အသက်ပေးပြီး ဆောင်ရွက်ချင်သည်။

ထိုကဲ့သို့သော ခံစားမှု အသီးအပွင့်ကို မျှတဝေငှလိုပါသည်။

မကောင်းသော စိတ်ထားရှိသူ မကောင်းသော အပြုအမူများ မှားမိသူတို့ ကျဆုံးပျက်စီးသည့် အကြောင်းသို့ ရောက်သောအခါတွင် သနားမိသည်။ သူတို့အမှားကို မြင်သိကာ ရှောင်ကြဉ်စရာ အချက်များကို တွေ့ရသည်။

ထိုကဲ့သို့သော အသိအမြင် အသီးအပွင့်များကိုလည်း ဝေငှပါသည်။ သို့ဖြင့် ဤစာအုပ်ငယ်သည် ပေါ်ထွက်လာခဲ့ရာ မြန်မာကလေးသူငယ်များအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးပြုတန်ရာ၏ဟု ယုံကြည်မိပါသည်။

မောင်ရဲကြည် (လူငယ်)



ISBN 978-99971-2-012-0
A1MYK0001
2000 MMK
9 789997 120120 >

တာဝန်ခံစာရေးသူ


ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊

ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

မျက်နှာဖုံးပန်းချီ။ ပထမအကြိမ်ထုတ်မှ ဦးစိန်၏လက်ရာ၊

---

သားသားတို့အရွယ်သူရဲကောင်းများ/မောင်ရဲကြည်(လှုငယ်)

---

၉၀++ မျက်နှာ၊ ၁၈ . ၅ စင်တီ× ၂၆ စင်တီ

---

ဒုတိယနှိပ်ခြင်း၊ ၂၀၁၈၊ ဇူလိုင်လ၊ (၁၉၇၉ လင်းဇင်းစာအုပ်တိုက်၏ ပထမအကြိမ်မှ)

---

အုပ်ရေ ၁၀၀၀၊

---



email: aptmpublishinghouse@gmail.com
www.facebook.com/aptmbookhouse
အမှတ် (၇/ခ)၊ မြန်မာသီရိလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၉၅၅၅၊ ၀၉၄၄၁၅၁၅၅၅၉


mgyoe.com

mgyoe.com

# သားသားတို့အရွယ် သူရဲကောင်းများ

မောင်ရဲကြည်(လှုငယ်)

mgyoe.com

mgyoe.com

၁၉၇၉ နိုင်ငံတကာ ကလေးများနှစ်
အမှတ်တရ ထုတ်ဝေခဲ့သော စာအုပ်ကို
ပြန်လည်တင်ဆက်ခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | အမှာစကား | က |
| ၁။ | ၉ နှစ်သားအရွယ် ကဗျာသမား | ၁ |
| ၂။ | ၉ နှစ်သား သဒ္ဒါသမား | ၇ |
| ၃။ | ၇ နှစ်သား လူလည်ကလေး | ၁၁ |
| ၄။ | ခြောက်နှစ်သား စာရေးဆရာ | ၁၈ |
| ၅။ | ၁၅ နှစ်သား ရှင်ဘုရင် | ၂၂ |
| ၆။ | ၁၃ နှစ်သား စစ်မှူး | ၂၆ |
| ၇။ | ကိုးနှစ်သား စစ်ဗိုလ်ကြီး | ၂၉ |
| ၈။ | ၁၅ နှစ်သား စာဆိုသာမဏေကျော် | ၃၆ |
| ၉။ | ခြားနှစ်လက်နဲ့ သတ္တိခဲ | ၄၀ |
| ၁၀။ | ဆယ်နှစ်သား ကဗျာစာဆို | ၄၄ |
| ၁၁။ | ၁၃ နှစ်သား ကျွမ်းပြုပုဂ္ဂိုလ် | ၄၉ |
| ၁၂။ | ၁၅ နှစ်သား ရှေ့နေ | ၅၃ |
| ၁၃။ | ၁၃ နှစ်သား ပျို့စာဆို | ၅၇ |
| ၁၄။ | ၁၅ နှစ်သား ရွာစားရေဝန် | ၆၁ |
| ၁၅။ | ၁၅ နှစ်သား လွှတ်တော်တရားသူကြီး | ၆၄ |
| ၁၆။ | ၁၆ နှစ်သား သူပုန်ဗိုလ် | ၆၈ |
| ၁၇။ | ၆ နှစ်သားနှင့် သင်္ဂြိုဟ်ကိုးပိုင်း | ၇၂ |
| ၁၈။ | မှသားမုန်းသည့် သုံးနှစ်သား | ၇၅ |
| ၁၉။ | မယုံနိုင်စရာ လေးနှစ်သားကလေး | ၈၈ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာစကား

၁၉၇၉ ခုနှစ်သည် နိုင်ငံတကာ ကလေးများနှစ် ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့၏ ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသော အထွေထွေ ညီလာခံကြီးက ၁၉၇၉ ခုနှစ်ကို "နိုင်ငံတကာ ကလေးများနှစ်"အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ချက် ချခဲ့ပေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ကလေးများကို ထိုသို့ မီးမောင်းထိုးပေးလိုက်ခြင်းဖြင့် ကလေးတို့၏ ပစ္စုပ္ပန်ရေးနှင့် အနာဂတ်ရေးတို့တွင် ပိုမိုစိတ်ဝင်စားလာပြီး အားတက်သရော ဆောင်ရွက်ရန် လမ်းစကောင်း ဖော်ထုတ်ပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုရလိမ့်မည် ထင်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ချို့တဲ့မှုများ ရှိနေသေးရာ နိုင်ငံတကာ တိုးတက်မှု ရေစီးကြောင်းအတွင်းသို့ ကလေးများ၏ အခြေအနေကို ဆွဲသွင်းလာရန် ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းကြိုးပမ်းကြသည့်၊ ချစ်ခင်ညီညွတ်သည့် အဓိပ္ပာယ်ပင် ဖြစ်ပေသည်။

ဤစာအုပ်သည် နိုင်ငံတကာ ကမ္ဘာ့ကလေးများနှစ်ကို ကြိုဆိုသောအားဖြင့် ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

**ထိုသို့ဖြစ်သည်နှင့်အညီ ကလေးသူငယ်များ၏ စိတ်ဓာတ်အင်အား လန်းဆန်းဖွံ့ဖြိုးစေရန် ရည်ရွယ်ပါသည်။ ရေးသားရာတွင်လည်း အလွယ်ဆုံး၊ အရှင်းဆုံးဖြစ်အောင် ကြိုးစားထားပါသည်။**

mgyoe.com

mgyoe.com

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် အားကျစရာကောင်းသော သူရဲကောင်းများ ပေါ်ပေါက်ခဲ့၏။ ယင်းတို့ထဲတွင် ကလေးသူငယ်ဘဝမှ စတင်ပြီး ထွန်းကားသော သူရဲကောင်းများ အများအပြား ပါဝင်၏။

သူတို့သည် လက်ရုံးရည် သူရဲကောင်းများချည်း မဟုတ်ပေ၊ ဉာဏဓာနည် သူရဲကောင်းများလည်း ပါဝင်ကြလေသည်။

သူတို့အကြောင်းကို ဖတ်ရှုပြီး အားကျသည်။ သူတို့ကဲ့သို့ ဖြစ်ချင်သည်။ နိုင်ငံအတွက် စွန့်စားချင်သည်။ လုပ်သားပြည်သူတို့အတွက် အသက်ပေးပြီး ဆောင်ရွက်ချင်သည်။

ထိုကဲ့သို့သော ခံစားမှု အသီးအပွင့်ကို မျှတဝေငှလိုပါသည်။

မကောင်းသော စိတ်ထားရှိသူ မကောင်းသော အပြုအမူများ မှားမိသူတို့ ကျဆုံးပျက်စီးသည့် အကြောင်းသို့ ရောက်သောအခါတွင် သနားမိသည်။ သူတို့အမှားကို မြင်သိကာ ရှောင်ကြဉ်စရာ အချက်များကို တွေ့ရသည်။

ထိုကဲ့သို့သော အသိအမြင် အသီးအပွင့်များကိုလည်း ဝေငှပါသည်။ သို့ဖြင့် ဤစာအုပ်ငယ်သည် ပေါ်ထွက်လာခဲ့ရာ မြန်မာကလေးသူငယ်များအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးပြုတန်ရာ၏ဟု ယုံကြည်မိပါသည်။

မောင်ရဲကြည် (လူငယ်)

❐

mgyoe.com

mgyoe.com



## ၄ နှစ်သားအရွယ် ကဗျာသမား

"ကလေး၊ မင်း... ဘယ်သူ့သားလဲကွဲ့..."

အဲဒီခေတ် အဲဒီအချိန်က လူငယ်ကလေးတစ်ယောက်၊ သူငယ်တစ်ယောက်ကို မသိရင်... "မင်းဘယ်သူလဲ" မမေးဘူး။ ဘယ်သူ့သားလဲပဲ မေးတယ်။

အခု အဲဒီလိုအမေးခံရတဲ့ ကလေးနှစ်ယောက်ဟာ တော်တော်ငယ်သေးတယ်။ ခြောက်နှစ်သားအရွယ်ကလေးတွေပဲ။ အဲဒီလိုမေးလိုက်တော့ ပထမတစ်ယောက်က ဖြေလိုက်တယ်။

"စာစပ်ကယ်ပလီ နှင်းဆီရဲ့သား"

"အလိုလေး... တယ်လာတဲ့လူပဲ"

မေးမိသူ မျက်ခုံးပင့်တက်သွားတုန်းမှာ ဒုတိယကလေးကလည်း အားကျမခံ ပြောလိုက်ပြန်တယ်။

"တောင်မြောက်ကိုပြေး၊ ဒေါ်ဒွေးရဲ့သား"

"ဟား...ဟား...ဟား... ဟုတ်လိုက်လေကွာ"

ပျာယာပျာယာနဲ့ သွားလာတတ်တဲ့ မယ်ဒွေးရဲ့ပုံပဟန်ကို ထင်းခနဲ၊ ကွင်းခနဲ

mgyoe.com

မြင်လိုက်တဲ့အတွက်၊ မျက်ရည်ထွက်မတတ် ရယ်မောနေရတယ်။ ကလေးနှစ်ယောက်ဟာ လုံချည်ကွင်းသိုင်းကိုကိုင်ပြီး နှပ်တရှုံ့ရှုံ့နဲ့ ပြေးထွက်သွားကြလေတော့တယ်။

ကလေးနှစ်ယောက်နဲ့ လူကြီးဆုံမိတဲ့နေရာဟာ ကျောင်းပရိဝုဏ်တစ်ခုနဲ့ မနီးမဝေးမှာပဲ။ ကျောင်းကတော့ ရတနာဗိမာန်ကျောင်းပေါ့။ မြို့ကတော့ တောင်တွင်းကြီးမြို့လေ။

ဒီအချိန်မှာ ကျောင်းထိုင်သီတင်းသုံးနေတဲ့ ဆရာတော်ကတော့ နတ်မှီ ဆရာတော်လို့လည်း ခေါ်တဲ့ နတ်မီးလင်းဆရာတော် အရှင်သီလာစာရာဘိဓဇပါပဲ။ လူကြီးဟာ ဆရာတော်နဲ့ ရင်းနှီးဟန်တူပါတယ်။

ဆရာတော်အရှေ့မှာ ရှိခိုးဦးချပြီးတဲ့နောက် စောစောကအကြောင်းကို ရယ်မောပြီး လျှောက်ထားတယ်။

"ဒကာကြီးတော့ ညီပုတို့ ဥက္ကာတို့နဲ့ တွေ့လာပြီထင်တယ်"

"ဘယ်လိုပါလဲ ဘုရား"

"စာစပ်ကယ်ပလီ နှင်းဆီရဲ့သားဆိုတဲ့ ကလေးက 'ဥက္ကာ'ပေါ့၊ ဒကာကြီးရဲ့"

"တော်တဲ့ကလေးပဲဘုရား"

"မယ်ဒွေးရဲ့သားဆိုတာက ညီပုလေ"

"သူလည်း တော်တာပဲဘုရား"

"ဒါ့ထက်ပိုပြီး တော်တာကိုကြားရရင် ဒကာကြီး ပိုပြီးအံ့သြသွားလိမ့်မယ်"

"သိပါရစေဘုရား"

ဆရာတော်ဟာ ချက်ချင်းမပြောနိုင်သေးဘဲ ထွေးခံကိုလှမ်းယူတယ်။ ကွမ်းတံတွေးတွေကို ထွေးပစ်လိုက်တယ်။

မနှစ်တုန်းက နေ့တစ်နေ့မှာပေါ့ ၊ ကျုပ်ဟာ... ဟိုဘက်က ကျောင်းကြီးအောက်မှာ တုံးလုံးလှဲရင်း စာကြည့်နေတယ်၊ အဲဒီလိုနေတုန်းမှာ ကလေးနှစ်ယောက်ရဲ့ အသံကြားရတယ်။

"ဘယ်လိုပါလိမ့်ဘုရား"

"ဟော့...ဟော့...ဟောဒီတိုင်ထဲက 'စ–အူး'လေး ရတယ်ကွတဲ့"

"ဘယ်သူတွေလဲဘုရာ့"

"နောက်တစ်ယောက်ကလည်း အားကျမခံဗျ။ ငါလည်းတိုင်ခြေရင်းက...'ခ–အဲ'လေး ရတယ်ကွတဲ့" ကျုပ် လှမ်းကြည့်လိုက်တော့ မိဒွေးရဲ့သားနဲ့ မိနှင်းဆီရဲ့သားပေါ့ ဒကာကြီးရာ"

"ဆက်ပါဦးဘုရား"

"တစ်ယောက်က လက်ထဲမှာ 'စူး'ကလေးတစ်ချောင်းကို ကိုင်ထားတယ်၊ တစ်ယောက်ကတော့ 'ကျောက်ခဲကလေး'ကို ကိုင်ထားတယ်"

"သူတို့အသက်က ဘယ်လောက်ရှိပြီလဲဘုရား"

"ဘာရှိဦးမှာလဲ ဒကာရယ်၊ သင်းတို့ကို ကျောင်းလာအပ်တုန်းက ခုနစ်နှစ်သားဆိုတော့...

mgyoe.com

mgyoe.com

အခုရှိလှ… ကိုးနှစ်ပေါ့"

"တော်တဲ့ကလေးတွေပါပဲဘုရား"

"မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်၊ မိုးညှင်းဆရာတော်ဘုရားကြီး လက်ထက်မှာ တဘောင်ပေါ်တယ်တဲ့။ တဘောင်ဆိုတာ ကြိုတင်ဟောကိန်းထုတ်တဲ့စကား၊ ခန့်မှန်းချက်စကားလို့ ခေါ်ရမယ်ထင်ပါတယ်"

"တဘောင်က… 'ပေလေးပင်၊ ရှင်လေးပါးပေါ်လိမ့်မယ်'တဲ့။ ဒါဘဲ"

ဒီတဘောင်ကိုပဲ တောင်တွင်းကြီးမြို့နယ်တစ်ဝိုက်မှာ အမျိုးမျိုးအဓိပ္ပာယ် ကောက်နေခဲ့ကြတယ်။ အကောင်းမြင်သူတို့က အကောင်းဘက်ကို ဆွဲပြောသလို အကောင်းမမြင်တဲ့ လူတွေကလည်း တစ်မျိုးပြောကြတယ်ပေါ့။

အဲ့ဒီလိုနဲ့ ဟိုလိုဖြစ်နိုးနိုး… ဒီလိုဖြစ်နိုးနိုး၊ ပြောဆိုနေလာလိုက်ကြတာ ၁၅ နှစ်ကြာသွားမှ အကောင်အထည်ပေါ်လာတယ်။

တောင်တွင်းကြီးမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ မြို့လုလင်ရွာမှာ 'ပေစို့ကြီး နှစ်စို့ ပေါ်လာတယ်။ သတိုးထမ်းရွာမှာတစ်စို့၊ မန်ကျည်းယောင်ရွာမှာလည်း တစ်စို့ပေါ်သေးတယ်။ စုစုပေါင်းလေးစို့။

ပေပင်များဟာ သီးခါနီးရင် အလက်တွေဘားပြန့်သွားပြီး ပင်စည်ထိပ် တည့်တည့်က ဘုလုံးကြီးပေါ်လာလေ့ရှိတယ်။ ဒီအခါမှာ ပေပင်ဟာ အလွန်မြင့်နေပြီလေ။ အောက်ကမြင်နေရတာ အစို့အညှောက်ကြီးနဲ့တူလို့ 'ပေစို့' လို့ခေါ်တာပဲ။

ဒါပေမဲ့ ထူးခြားတာက ဒီရွာသုံးရွာက ပေပင်လေးပင်ဟာ ထွက်ချိန် မတန်သေးတဲ့ ပေပင်အငယ်လေးတွေပဲတဲ့။ ပေစို့ကြီးလေးစို့ ပေါ်လာတော့ လူတွေဝမ်းသာကြတယ်။

"ပေလေးပင် မှန်သွားပြီဟေ့။ ရှင်လေးပါးပဲ ကျန်တော့တယ်"

ဟုတ်ပါတယ်။ ရှင်လေးပါးလည်း တိုက်ဆိုင်စွာပဲ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါတွေကတော့ ဒီလိုပါလေ…

ဒီသက္ကရာဇ် ၈၁၅ခုနှစ် အတွင်းမှာပဲ ရှင်လေးပါး အပါအဝင်ဖြစ်တဲ့ ရှင်ဥတ္တမကျော် လောင်းလျာကို မြို့လုလင်ရွာ အရှေ့ပိုင်းမှာ မွေးဖွားတယ်။ မိဘအမည်က ဦးသောကြာ၊ ဒေါ်နှင်းဆီတဲ့။

ဒီနေ့ဒီရက်မှာပဲ သတိုးထမ်းရွာမှာ တစ်ယောက်ဖွားမြင်တယ်။ သူက ရှင်အုန်းညို လောင်းလျာကလေးပေါ့…

ခြောက်ရက်ကြာသွားတဲ့အခါကျတော့မှ မြို့လုလင်မှာ တစ်ယောက် ထပ်မံမွေးဖွားပြန်တယ်။ ရွာအရှေ့ပိုင်းက အသည်မျိုးဦးကြည်၊ ဒေါ်ထွေးတို့ အိမ်မှာ…

ဒေါ်ထွေးက ဖွားမြင်တဲ့ကလေးဟာ "သဒ္ဒါဟွင် ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း"လို့ ဥဒါန်းတွင်ရတဲ့ ရှင်မဟာသီလဝံသ အလောင်းအလျာပဲ၊ နံတော်သောကြာသား ဖြစ်ပေမဲ့ နာမည်ကတော့ မောင်ညို။

မောင်ညိုကိုဖွားမြင်ပြီးမှ၊ စတုတ္ထရှင်တစ်ပါးကို ဖွားမြင်ပြန်တယ်။ မကျည်းယောင်ရွာမှာလေ၊

mgyoe.com

ရှင်ခေမာလောင်းလျာပေါ့...

ရှင်လေးပါးလောင်းလျာတွေဟာ ရွာချင်းမဝေး၊ အသက်ချင်းမကွာပေမဲ့ မောင်ညိုနဲ့ မောင်ဥက္ကာပဲ တစ်ကျောင်းတည်းနေတယ်၊ တစ်ဆရာတည်းကျတယ်။ အစမှာတော့ ကလေးနှစ်ယောက်ဟာ ပိန်မသာ လိန်မသာပဲ။

ကြာလာတဲ့အခါကျတော့မှ မောင်ညိုက ပိုသာလာတာကိုး။

တစ်ခါမှာတော့ ကျောင်းနားက သစ်ပင်သစ်ခေါင်းတွေမှာ အောက်ချင်းငှက်ကလေးတွေ ပေါက်လာတယ်။ အစာရှာသွားတဲ့ မိခင်၊ဖခင်ပြန်လာရင် တကျီကျီအော်ပြီး အစာတောင်းတယ်။ ဒါကိုမြင်တဲ့ ဦးပဥ္စင်းတွေက အပျင်းပြေ စာစပ်ကြသတဲ့။

အောက်ချင်းရင်သွေး၊ ဥကမွေးသည်။

ကွေးလေးနုနယ်၊ သနားဖွယ်။

"မဟုတ်ဘူးဘုရာ့... ငှက်မကြီးကမွေးတဲ့ ဥကပေါက်တာပါဘုရား"

၁၅ နှစ်ရောက်နေတဲ့ မောင်ညိုဟာ သာမဏေလေး ဖြစ်လာတော့ ပြောရဲဆိုရဲလာပြီ။ သူ့အကြောင်းသိထားတဲ့ ဦးပဥ္စင်းတွေကလည်း မငေါက်ရဲဘူး။

"မဟုတ်ရင်လည်း ဟုတ်တာကို မောင်ရှင်ဆိုပြလေ"

အောက်ချင်းရင်အောက်၊ ဥကပေါက်သည်။

တောင်ရောက်နုနယ်၊ သနားဖွယ်။

"တော်ပါပေတယ် မောင်ရှင်၊ တော်ပါပေတယ်"

ပဥ္စင်းတွေဟာ ၁၅ နှစ်သား သာမဏေယ်ကလေးကို ခေါင်းပုတ်ပြီး ချီးကျူးကြတယ်။ ကျောပွတ်ပြီး ချီးကျူးကြတယ်။

ကိုရင်ညိုဟာ မြန်မာသက္ကရာဇ် ၈၃၅ ခုနှစ်မှာ ရဟန်းအဖြစ်ကို ရောက်တော်မူတယ်။ ရဟန်းဘွဲ့တော်က "ရှင်သီလဝံသ"

ရှင်သီလဝံသဟာ သက်တော် ၃၈ ဝါတော် ၁၈ ဝါအရမှာ ပျို့တစ်ဆူ ကို ဦးစွာစပ်ဆိုတော်မူတယ်။ အဲဒီပျို့ဟာ "ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က" အစချီတဲ့ ပါရမီတော်ခန်းပျို့။ "ပါရမီမသီနဲ့" လို့ အမှာအထားပြုရတဲ့ ပါရမီတော်ခန်းပျို့ပဲ။

ဘာကြောင့် ပါရမီမသီရမှာလဲ။

တော်ရုံတန်ရုံပုဂ္ဂိုလ် နားမလည်လို့ပဲ။

ပိဋကတ်သုံးပုံကို ထုံးလိုခြေ ရေလိုနှောက်ပြီး ရေးစပ်တဲ့ပျို့ ဖြစ်တဲ့အတွက် အလွန်နက်နဲတယ်၊ အလွန်ခက်ခဲတယ်၊ အလွန်သိမ်မွေ့တယ်။

အရေးအသား အစပ်အဟပ်ကလည်း ကျစ်လျစ်သိပ်သည်းတယ်။ ပညာရှင်ကြီးတွေ အားလုံးက ကောင်းချီးပေးရလောက်အောင် ကောင်းတယ်တဲ့။ ဒါပေမဲ့ အရှင်သီလဝံသဟာ ဒါလောက်နဲ့ မတင်းတိမ်ဘူး၊ မကျေနပ်ဘူး။

mgyoe.com

mgyoe.com

နေပြည်တော်မှာ စိုးစံနေတဲ့ ဒုတိယမင်းခေါင်ဟာ ကိုယ်တိုင်လည်း ပညာရှိတယ်။ ပညာရှိတွေကိုလည်း လေးစားချီးမြှောက်တယ်လို့ ကြားထားရတယ်။ ဒါကြောင့် ပါရမီတော်ခန်းပျို့ကို ဒီဘုရင် ဘာပြောမလဲ သိချင်တယ်။ မင်းနေပြည်တော် ဆိုတော့လည်း ပညာရှိမျိုးစုံပေါတယ်။ အဲဒီမှာ ပညာဆည်းပူးချင်တယ်။

ဒီရည်ရွယ်ချက်တွေနဲ့ ရှင်သီလဝံသဟာ ဆရာ့ထံခွင့်ပန်တယ်။ တစ်ကြိမ်မရ၊ နှစ်ကြိမ်မရပေမဲ့ သုံးကြိမ်မှာတော့ အခွင့်အရေးရတယ်။ ဒါလောက် ဆန္ဒပြင်းပြနေတဲ့ တပည့်ကို ဆရာကလည်း ဆက်ပြီး မတားတော့ဘူး။

ရှင်သီလဝံသဟာ စာပလွေရင်မှာပိုက်ပြီး ပညာရှိပေါ်တဲ့ မင်းနေပြည် ရတနာပူရကို ကြွခဲ့တယ်။ မင်းနေပြည်မှာရှိတဲ့ သိင်္ဃပြဋ္ဌဆရာတော်ဟာ ဒီသတင်းကိုကြားတယ်၊ တပည့် ရှင်မဟာရဋ္ဌသာရကို လွှတ်လိုက်တယ်။

"တောင်တွင်းက ရှင်သီလဝံသအကျော် ရောက်ရှိတော်မူတယ်ကြားတယ်။ မောင်ပဋ္ဌင်း စုံစမ်းချေစမ်း"

အရှင်ဟာ နေပြည်တော်ရောက်ပြီး မကြာခင်မှာ ဘုရင်နဲ့အဆက်အသွယ်ရတယ်။ မေတ္တာစာ ဧကပိုဒ်ရတုတစ်ပုဒ်ရယ်၊ ပါရမီတော်ခန်းပျို့ရယ် ရှင့်ဘုရင့်လက်ထဲ ရောက်အောင်ပို့လိုက်တယ်။

ဒုတိယမင်းခေါင် ဘုရင်မင်းမြတ်ဟာ ပါရမီတော်ခန်းပျို့ကို အင်မတန်နှစ်သက်တယ်။ ကြည်ညို မြတ်နိုးတယ်၊ ရွှေနန်းတော်တွင်း စာပွဲသဘင်တွေမှာ ဖတ်ကြားခိုင်းတယ်၊ ကြားနာရသူတိုင်းဟာ သာခုခေါ်ကြတယ်။

ဘုရင်မင်းတရားကြီးဟာ စာကိုကြည်ညိုတဲ့အတွက် စာပြုစာဆိုပုဂ္ဂိုလ် ရှင်သီလဝံသကိုလည်း ကိုးကွယ်ချီးမြှောက်တယ်။ စစ်ကိုင်းဘက်ထူပါရုံစေတီတော်ရဲ့ အရှေ့မြောက်ယွန်းယွန်းမှာ ရတနာ့ ဗိမာန်ကျောင်းတော်ကို လှူဒါန်းဆက်ကပ်တယ်။ သီလဝံသာဘိဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်ကို လည်း ကပ်လှူတယ်။

ပါရမီတော်ခန်းပျို့ရဲ့ နောက်ဆက်တွဲ ဆုတောင်းခန်းပျို့ကိုတော့ သုံးရက်တည်းနဲ့ အပြီးစပ်ဆို တော်မူတယ်။ ဘုရင်ကိုးကွယ်တဲ့ ဆရာတော်ဖြစ်လာတဲ့ အခါမှာတော့ ဘွဲ့တော်ဟာလည်း အရှင်မဟာသီလဝံသ ဖြစ်လာတာပေါ့လေ။

မြန်မာစကားပြေဝတ္ထုတို့ရဲ့ အဦးဆုံးဝတ္ထု အဟောင်းဆုံးဝတ္ထုဖြစ်တဲ့ 'ပါရာယန' ကိုလည်း ရှင်မဟာသီလဝံသပဲ ရေးသားပြုစုတော်မူတယ်။ သက္ကရာဇ်ကတော့ ရွှေနန်းကြော့ရှင် ဘုရင်နရပတိ လက်ထက် ၈၆၃ ခုနှစ် ဖြစ်ပါတယ်။

သက္ကရာဇ် ၈၈၀ ပြည့်နှစ် သက်တော် ၆၅၊ ဝါတော် ၄၅ ဝါမှာ ခန္ဓာရုပ်သိမ်း၊ ချုပ်ငြိမ်းပျံလွန် တော်မူတယ်။

**ဆရာတော်ရဲ့ စာတော်စာရင်း**

၁။ ပါရမီတော်ခန်းပျို့

mgyoe.com

mgyoe.com

၂။ တောင်တွင်းလားပျို့
၃။ ဆုတောင်းခန်းပျို့
၄။ သံဝေဂခန်းပျို့
၅။ ဓမ္မပါလပျို့ (ရေးဆဲပျံလွန်တော်မူ၍၊ တပည့်ကဆက်ရေး)
၆။ ကမ္ဘာလောင်ပျို့
၇။ ဗုဒ္ဓပွဲတွဲပျို့
၈။ တံတားဦးတည်မော်ကွန်း
၉။ ရွှေနန်းတည်မော်ကွန်း
၁၀။ ရွှေနန်းကြော့ရှင် နန်းဘွဲ့မော်ကွန်း
၁၁။ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း
၁၂။ တိလောက ချီ ဆုံးမစာလင်္ကာ
၁၃။ မွေးသမိခင် ချီ ဆုံးမစာလင်္ကာ
၁၄။ အသင်္ခါရိက ချီ မေတ္တာစာလင်္ကာ
၁၅။ ဤသို့စုံစိချီ ဂုဏ်ပြုရတု
၁၆။ ဇာတိသန္ဓေ ချီ ဘုရင်မင်းခေါင်ထံသွင်း မေတ္တာစာရတု
၁၇။ နွယ်လှုရိုးတန် ချီ ယန္တရားစကြာရတု
၁၈။ မဏိဂူဟာ ချီ အဖြည့်ခံရတု
၁၉။ မဏိစိန္တာ ချီ ရာဇဝသတီခန်း ပိုဒ်စုံရတု
၂၀။ အချာပဝရ ချီ တောင်တွင်းမြို့ဘွဲ့၊ ပိုဒ်စုံရတု
၂၁။ ပါရာယနဝတ္ထု
၂၂။ ရာဇဝင်ကျော်
၂၃။ မဟာရဟနီတိ
၂၄။ နေတ္တိပါဠိတော်နိဿျပောင်း
၂၅။ ဆုံးမစာ စကားပုံများ
၂၆။ ထူပါရုံကျောက်စာ
၂၇။ ရတနာ့ဗိမာန်ကျောင်းတော်ကျောက်စာ။

**ကျမ်းကိုးစာရင်း**

ဦးကျော်ထွန်း၏ "မြန်မာစာညွန့်ပေါင်းကျမ်း" ပထမတွဲ။ ဟံသာဝတီ စာအုပ် တိုက်၏ "ရာဇဝင်ကျော်နှင့် သီဟိုဠ်-မြန်မာမင်းပြိုင်စာ" ။ ပါဠိပါရဂူ ဦးအောင်မိုး၏ "ပါရမီတော်ခန်းပျို့အမှာ" ။

❐

mgyoe.com

mgyoe.com



## ၉ နှစ်သား သဒ္ဒါသမား

ရှင်မဟာသီလဝံသနဲ့ တစ်နေ့တည်းဖွားသူ၊ တစ်ဆရာတည်းတပည့် ကျောင်းနေဘက်၊ တစ်ရွာ တည်းသားသူငယ်ချင်း နာမည်က မောင်ဥက္ကာလေ။ သူတို့နှစ်ယောက် တွဲပြီးဆော့တယ်။ ကစားခုန်စားရင်း သဒ္ဒါစကားတွေ ပြောတယ်။ အပျော်တမ်းလည်း လက်တန်းကဗျာ စပ်ကြတယ်။

သူဟာ မောင်ညိုလိုပဲ ခုနစ်နှစ်သားမှာ ကျောင်းနေခဲ့ပြီး ၁၅ နှစ်သား အရွယ်မှာ မောင်ညိုနဲ့အတူ သာမဏေပြုခဲ့တယ်။ သာမဏေဘွဲ့က ရှင်ဥတ္တမ။ ရဟန်းပြုတဲ့အခါမှာလည်း ဒီ ရှင်ဥတ္တမဘွဲ့နဲ့ပဲ။

ရှင်သီလဝံသ အင်းဝကို ကြွသွားတဲ့နောက်မှာ ရှင်ဥတ္တမတစ်ပါးတည်း အဖော်ကွဲကျန်ခဲ့ရာတယ်။ သူဟာ သူငယ်ချင်းနဲ့ ဘာကြောင့် လိုက်မသွားသလဲ၊ မြို့ကိုရွံ့ရှာလို့ပါပဲ။

ဒါပေမဲ့ ရှင်ဥတ္တမဟာ ရတနာပူရကို မကြွရင်မဖြစ်တဲ့ ကိစ္စတစ်ခုပေါ် လာတယ်။ အဲဒါကတော့ ခုံတော်မောင်ကျဘမ်းဆိုတဲ့ ဒါယကာတစ်ယောက် ပေါ့။ ပညာတတ်မာနနဲ့ ဟိုလူ့စော်ကား၊ ဒီလူ့စော်ကားနဲ့ ရဟန်းသံဃာကို လည်း မရိုသေဘူးတဲ့။ စကားအကော်အကပ်လည်း တော်သတဲ့။

mgyoe.com

mgyoe.com

ခုံတော်မောင်ကျာဘမ်းဟာ ဘယ်လိုကော်ကပ်သလဲ၊ ဘယ်လိုမလေးမစား လုပ်သလဲဆိုတော့... ဦးကျာဘမ်းတို့ ရပ်ကွက်ထဲမှာ ရှင်ပြုအလှူမင်္ဂလာပွဲတစ်ရပ် ကျင်းပတယ်။ အလှူဒါယကာရဲ့ အိမ်ရှေ့မှာ ပေါ့။ ရှင်ဖြစ်တရားနာတဲ့အချိန်ကို ရောက်လာတယ်။ ပင့်ဖိတ်ထားတဲ့ သံဃာတော်တွေ စေ့မစေ့ သိဖို့လိုလာတယ်။ သံဃာစုံရင် တရားနာမယ်။ မစုံသေးရင် စောင့်တန်စောင့် ဖို့ပေါ့။

ဒီအခါ ဦးကျာဘမ်းက ထပြီး ရေတွက်တယ်။

"တစ်ယောက်...နှစ်ယောက်...သုံးယောက်...လေးယောက်"

ဟေ့...ဒကာ၊ ဘုန်းကြီးကို တစ်ပါး၊နှစ်ပါးမရေဘဲ ဘာကြောင့် တစ်ယောက်၊နှစ်ယောက် ရေရတာ လဲကွ။ မရိုမသေမလုပ်ပါနဲ့"

မြုံမထားတတ်တဲ့ ကိုယ်တော်တစ်ပါးက လှမ်းပြောတယ်။ ဦးကျာဘမ်းကလည်း ပြန်ပြီးချေပ တယ်။

"ကျမ်းဂန်ထဲမှာ ...မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်လို့လာရှိတယ်။ မင်္ဂဖိုလ်ဆိုက်ပြီး သား ပုဂ္ဂိုလ်တွေကိုတောင် တစ်ယောက်၊နှစ်ယောက် ခေါ်သေးရင် ကိုယ်တော်တို့က သောတာပန်ပဲရှိ သေးတာ တစ်ယောက်၊ နှစ်ယောက်ခေါ်တာ နာစရာမရှိပါဘူး"

ဆရာတော် သံဃာတော်တွေဟာ ဒီလူကပ်နဲ့ ဖက်ပြိုင်မပြောချင်တာနဲ့ပဲ သည်းခံနေကြတော့ တယ်။

ဦးကျာဘမ်းဟာ ဒီနည်းနဲ့ ရဟန်းသံဃာတော်တွေကို မလေးမခန့်လုပ်တာများနေပြီ။ များလာ တော့လည်း တောင်တွင်းအထိ သတင်းလွင့်လာတာပေါ့။ ဦးကျာဘမ်းကို အကြောင်းပြုပြီး ရှင်ဥတ္တမဟာ ရတနာပူရအင်းဝကို ကြွတော်မူခဲ့တယ်။

ရှင်သီလဝံသ အင်းဝကိုကြွတော်မူအပြီး လေးနှစ်အကြာမှာ ကြွတော်မူတာဆိုတော့ ၈၅၉ ခုနှစ် ပေါ့။

ရှင်ဥတ္တမဟာ ရတနာပူရရောက်ရောက်ချင်း ခုံတော်ဦးကျာဘမ်းရဲ့အိမ်ကို စုံစမ်းတယ်။ ဘယ်ဟာ ဦးကျာဘမ်းလဲဆိုတာ လေ့လာတယ်။ ဦးကျာဘမ်း ထွက်အလာမှာ ရှင်ဥတ္တမက ဆီးပြီးမေးတယ်။

"ဒီမြို့မှာ ဆွမ်းတစ်နပ်လောက် လွယ်လွယ်ကူကူကပ်ချင်တဲ့ စေတနာရှင်များ ဘယ်မှာစုံစမ်းရမလဲ ဒါယကာ"

"ဘုန်းတော်ကြီးဘုရား လက်ထက်တော်မှာ သာသနာ ဒါလောက် ထွန်းတောက်နေတာပဲဘုရား၊ ဘယ်အိမ်တက်ပြီး ပါးရိုက်ခိုင်းခိုင်း၊ ဆွမ်းတစ်နပ်တော့ ပူစရာမလိုပါဘူး"

ဦးကျာဘမ်းက သူ့ဝသီအတိုင်း ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်း ပြန်လည်တင်လျှောက်ပြီး ရုံးကိုထွက် သွားတယ်။ ရှင်ဥတ္တမက ဦးကျာဘမ်းရဲ့စကားကို "အကျကောက်"ပြီး လိုက်လုပ်တာ အမှုဖြစ်တော့ တယ်။ သံဃာရုံးတော် ရောက်သည်အထိပဲ။

နောက်ဆုံးမှာ ခုံတော်ဦးကျာဘမ်းဟာ တရားရှုံးပြီး ရှင်ဥတ္တမကို ဝန်ချတောင်းပန်ရတယ်။ အဲဒီ နောက်မှာ ရှင်ဥတ္တမဟာ နေပြည်တော်မှာ ခဏပဲနေတယ်။ သူ့အကျင့် သူ့သိက္ခာတွေဟာ နေ့ချင်း

mgyoe.com

mgyoe.com

ညချင်း ထင်ရှားကျော်ကြားလာတယ်။ ရိုးရိုးရှင်ဥတ္တမ မဟုတ်တော့ဘဲ "ရှင်ဥတ္တမကျော်"ဖြစ်လာတော့တယ်။

ပညာရှိသူတော်ကောင်းဆိုရင် အင်မတန်လေးစား မြတ်နိုးတဲ့ ဒုတိယမင်းခေါင်ဟာလည်းပဲ ရှင်ဥတ္တမကျော်ကို နန်းတော်သို့ ပင့်ဖိတ်တယ်။ နေပြည်တော်မှာ သီတင်းသုံးဖို့ လျှောက်ထား တောင်းပန်တယ်။

ဆရာတော်လက်ခံရင် မင်းတရားကြီးဟာ ကိုးကွယ်ချင်လို့ပဲ အရှင်မဟာသီလဝံသတို့၊ အရှင်မဟာရဋ္ဌသာရတို့ကို ကိုးကွယ်သလို ကျောင်းဆောက်ပြီး ကိုးကွယ်ချင်လို့ပဲ။

ဒါပေမဲ့ ရှင်ဥတ္တမကျော်က လက်မခံဘူး။ မြို့ရွာတွေမှာနေထိုင် သီတင်းသုံးရတာကို အရည်ကင်တောရဆောက်တည်ပြီး တောထဲတောင်ထဲမှာ နေရသလောက် မနှစ်သက်ဘူးတဲ့။ ဒီလိုနဲ့ တောင်တွင်းကို ပြန်ကြွလာတယ်။

ဆရာတော်ဟာ တောင်တွင်းကို ပြန်ရောက်ပြီး တောရဆောက်တည်ရင်း ရတုကိုးပုဒ် စပ်ဆိုတယ်။ ရတုရှစ်ပုဒ်က "ရှင်ဥတ္တမကျော်တော်လား"ရယ်လို့ အင်မတန်ထင်ရှားတဲ့ ရတုတွေပေါ့။ မြတ်စွာဘုရားကို လောကဓာတ်တစ်ခုလုံးက ညွတ်ရိုးပူဇော်ဟန် ရေးဖွဲ့ထားတယ်။ နောက်ဆုံးတစ်ပုဒ်ကိုတော့ သူ ဘုရားဆုပန်ကြောင်း စပ်ဆိုထားတာပါ။

မြန်မာသက္ကရာဇ် ၈၈၂ ခုနှစ်မှာ ဆရာတော်ဟာ နေပြည်တော်ကို ဒုတိယအကြိမ် ကြွရပြန်တယ်။ ဆရာတော်ဟာ ဝါတော် ၄၇၊ သက်တော် ၆၇ ရှိနေခဲ့ပြီပေါ့။

ဒီတစ်ခါ အင်းဝကို ကြွရောက်လာတာကတော့ ရှင်ဘုရင်က ဖိတ်ကြားလို့ပဲ။ ရှင်ဘုရင်က ဘုရင်ဟောင်း ဒုတိယမင်းခေါင် မဟုတ်ဘူး။ သူ့သား ရွှေနန်းကြော့ရှင် နရပတိလေ။

ရွှေနန်းကြော့ရှင်ဆိုတာကတော့… နန်းတော်ကို အကောင်းဆုံး အလှဆုံးဖြစ်အောင်လုပ်ပြီး နေထိုင်တဲ့ဘုရင်မို့ ခေါ်တာပဲ။ အဲဒီရှင်ဘုရင်ကို အသိအမှတ်ပြုတဲ့အနေနဲ့၊ နေပြည်တော်ကို ကြွလာပေမဲ့ ကျောင်းဆောက်ကိုးကွယ်ပါရစေ၊ နေပြည်တော်မှာ သီတင်းသုံးပါ၊ လျှောက်ထားတာကိုတော့ လက်မခံဘူး ငြင်းပယ်တယ်။

ဆရာတော်ဟာ တောင်တွင်းကြီးမြို့ကိုပဲ ပြန်ကြွလာတယ်။ သက္ကရာဇ် ၉၀၄ ခုနှစ်၊ သက်တော် ၈၉ နှစ်၊ ဝါတော် ၆၉ ဝါအရ တောင်တွင်းကြီးမြို့မှာ ပျံလွန်တော်မူတယ်။

သူ့ သူငယ်ချင်းဖြစ်တဲ့ ရှင်မဟာသီလဝံသကိုယ်တော်က 'လ'အက္ခရာ ကို ကဗျာညဏ်ကွန့်ပြီး တစ်မျိုးသုံးပြထားတယ်။ လူတွေသိပ်သဘောကျ တာပေါ့။ ဟုတ်ပါကလား…ဆိုပြီး တအံ့တဩပေါ့။

အဲဒီအခါမှာ ဆရာတော်က မသိနားမလည်သူတွေ သိကြပါစေ။ အချိုးမွမ်းအလျှင်မလိုဖို့၊ အကဲ့ရဲ့ အလျှင်မလိုဖို့ သတိပေးတဲ့အနေနဲ့ 'လ'ကို တစ်မျိုးသုံးပြီး စာစပ်ဆိုတော်မူတယ်။ လူတွေမှာ မကောင်းဘူးလည်း မပြောဝံ့၊ ကောင်းတယ်လည်း မပြောဝံ့နဲ့ အတော်ခက်ကုန်ကြတာပေါ့။

'လ'အသုံး၊ ရှင်မဟာသီလဝံသရဲ့ မူရင်းကဗျာနဲ့ ဆရာတော်ရှင် ဥတ္တမကျော်ရဲ့ 'လ'အသုံးရတုကို ရှာဖွေပြီး လေ့လာကြည့်ကြရင် ဆရာတော်ရဲ့ မဟုတ်တာမကြိုက်တဲ့ သဘောကို ရိပ်စားမိကြလိမ့်မယ်။

mgyoe.com

mgyoe.com

ယုံကြည်ရပါတယ်။

ဆရာတော်ပြုစုခဲ့တဲ့ကျမ်းစာတွေ၊ ရတုတွေထဲက မှတ်မိသမျှ၊ သိရှိသမျှကတော့ ဟောဒါတွေပါပဲ...

၁။ တောလားရတုကိုးပိုဒ်
၂။ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်နိဿျ
၃။ မဟာနိဒ္ဒေသ ပါဠိတော်နိဿျ
၄။ ပေတကောပဒေသ ပါဠိတော်နိဿျ
၅။ ဓမ္မသင်္ဂဏီ ပါဠိတော်နိဿျ
၆။ ဝိနယသင်္ဂဟ အဋ္ဌကထာနိဿျ
၇။ သစ္စသံခိပ်ဋီကာသစ် နိဿျ
၈။ ခုဒ္ဒသိက္ခာဋီကာသစ် နိဿျ
၉။ အဘိဓမ္မာဝတာရဋီကာသစ် နိဿျ
၁၀။ သဒ္ဒသာရတ္ထဇာလိနီ စာကိုယ်နိဿျ
၁၁။ ဝဇိရသာရတ္ထသင်္ဂဟ စာကိုယ်နိဿျ
၁၂။ ကစ္စာယနဘေဒ စာကိုယ်နိဿျ
၁၃။ ဝါစကောပဒေသ စာကိုယ်နိဿျ

**ကျမ်းကိုးစာရင်း**

ဦးကျော်ထွန်း၏ "မြန်မာစာညွန့်ပေါင်းကျမ်း" ပထမတွဲ။ လှသမိန်၏ "ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်" ။ မောင်သုတ၏ "စာဆိုတော်များအတ္ထုပ္ပတ္တိ"။

❐

mgyoe.com

mgyoe.com



## ၇ နှစ်သား လူလည်ကလေး

ပုဂံမြို့က ရွှေဂူကျောင်းဆရာတော်ရဲ့ ကျောင်းမှာပေါ့။ အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ယောက်နဲ့ အသက် ၁၅ နှစ်အရွယ် ကိုရင်တစ်ပါး အငြင်းအခုံ ဖြစ်နေကြတယ်။ ကျောင်းသားရဲ့ လက်ထဲမှာတော့ အိမ်မြှောင်ကလေးတစ်ကောင်...

"အိမ်မြှောင်"

"ကျောင်းမြှောင်"

"ဘာကျောင်းမြှောင်လဲ၊ အိမ်မြှောင်ပဲရှိတယ်။ ကျောင်းမြှောင်ကောင်ဆိုတာမရှိဘူး ကိုရင်"

"ကျောင်းမှာနေတဲ့အတွက် ကျောင်းမြှောင်လို့ ခေါ်တာကွ"

ကိုရင်နဲ့ကျောင်းသားဟာ အိမ်မြှောင်နဲ့ပတ်သက်ပြီး ငြင်းနေကြတာကိုး။

"ဟာ...အိမ်မြှောင်ပါ"

"အို...ကျောင်းမြှောင်လို့ဆိုနေမှကွာ"

"ဒီအကောင်ဟာ အိမ်မြှောင်ဆိုတာ လူတိုင်းသိတယ်။ ကိုရင်ဟာ သက်သက် ကပ်ဖဲ့ပြောနေတာ"

mgyoe.com

mgyoe.com

"မကပ်ပါဘူးကွာ၊ ကျောင်းမှာမြှောင်နေလို့ ကျောင်းမြှောင်လို့ခေါ်တာပါ"

"အိမ်မြှောင်"

"ကျောင်းမြှောင်။ ဟော့...ဟော့... မင်းနဲ့ငါနဲ့ ဒီလိုသာငြင်းနေရင် တစ်နေကုန်ငြင်းနေလည်း ကိစ္စအေးမှာ မဟုတ်ဘူး"

"ကိုရင်က ကပ်တာကိုးဗျ"

"ငါက ဘာကပ်လဲ..."

"အိမ်မြှောင် မြင်ရဲ့သားနဲ့"

"ဟ...ကျောင်းမှာကပ်မြှောင်နေတာ မမြင်ဘူးလား"

"အို...အိမ်မြှောင်ဗျာ"

"ဒီကောင် ဆိုလေကဲလေပါကလား၊ ငါရိုက်လိုက်ရ"

ကိုရင်က ရိုက်လိုက်မယ်လို့ လက်ဝါးနဲ့ရွယ်တယ်။ ဒါပေမဲ့ ကျောင်းသားကလည်း သူနဲ့ မတိမ်းမယိမ်းဆိုတော့ ရိုက်လို့မဖြစ်ဘူး။

"ဒီလို အတောမသတ်အောင် ငြင်းနေမယ့်အစား၊ တစ်ယောက်ယောက်ကိုခေါ်ပြီး ပုဏ္ဏားတိုင်ထားရရင် မကောင်းဘူးလား"

"ကောင်းတာပေါ့"

"ဒီလိုဆိုရင် သူဆုံးဖြတ်တာ နာခံစတမ်းနော်"

"အို...စိမ်လိုက်"

ပြဿနာရှင် ကျောင်းသားနဲ့ကိုရင်ဟာ ပုဏ္ဏားတိုင် အလုပ်ခိုင်းရမယ့် လူကို မျက်လုံးဝေ့ဝဲပြီး ရှာဖွေကြတယ်။

ခရေပင်ရိပ်မှာ ကျောင်းသားတွေ၊ ဂျင်ပေါက်သူကပေါက်၊ ဂုံညင်းထိုးသူက ထိုး၊ ကျည်းသားရိုက်သူကရိုက်နဲ့ ကစားနေကြတယ်။ အဲဒီခရေပင်ရိပ်ရဲ့ ဟိုဘက်မှာ သပြေပင်ကလေးတစ်ပင်ရှိတယ်။ အဲဒီသပြေပင်ရိပ်မှာ လူလည်းနည်းတယ်။ အဲဒီနည်းတဲ့လူတွေရဲ့ အစွန်မှာ ကျောင်းသားကလေးတစ်ယောက်ဟာ သစ်တုံးပေါ်ထိုင်ပြီး လက်ပိုက်ထားတယ်။ သူ့ကို ကိုရင်က မျက်စိတွေ့သွားတယ်။

"ဒီမှာကွ"

"ဘာလဲ ကိုရင်"

"မင်းနဲ့ငါ့ရဲ့ကိစ္စကို ကျောင်းသားဟောင်းတွေ မမေးချင်ဘူး"

"ဘာဖြစ်လို့လဲဗျ"

"တို့သွားတဲ့လူဟာ ငါနဲ့ခင်ရင် ငါ့ဘက်ကပင်းမှာပေါ့ကွ၊ အဲဒီလိုပဲ... မင်းနဲ့ခင်ရင် မင်းဘက်မပင်းဘူး ပြောနိုင်မလား"

"ဒါလည်း စဉ်းစားစရာပဲ"

"အဲဒါကြောင့် ငါအကြံရတယ်"

mgyoe.com

"ဘယ်လိုအကြံပါလိမ့်"

"ဟောဟို... လက်ပိုက်ထိုင်နေတဲ့ ဂျာရစ်ကလေးနဲ့ကျောင်းသားဟာ ဘယ်သူနဲ့မှမခင်သေးဘူးကွ အဲဒါကြောင့် မျက်နှာလိုက်စရာမရှိဘူး"

"ဟုတ်တာပေါ့"

"အဲဒါကြောင့် သူ့ကိုသွားမေးမယ်ကွာ"

"ကောင်းတယ် ကိုရင်၊ ကောင်းတယ်"

ကိုရင်နဲ့ကျောင်းသားဟာ သပြေပင်ရိပ်အစပ်က သစ်တုံးပေါ်မှာ လက်ပိုက်ပြီးထိုင်နေတဲ့ ဂျာရစ်ကလေးနဲ့ ကျောင်းသားသစ်ဆီကို သွားတယ်။

"ဟေ့...ဂျာရစ်"

ကိုရင်ခေါ်လိုက်တော့ ကျောင်းသားလေးက မော့ကြည့်တယ်။

"ဟောဒီကောင်ကို သူက အိမ်မြှောင်လို့ပြောတယ်။ ဒါပေမဲ့...ဒီကောင် ဟာ ကျောင်းထရံမှာကပ်နေတာကွ၊ ဒါကြောင့်...ကျောင်းမြှောင်ကောင်ခေါ်မှ မှန်မှာပေါ့။ သူက အိမ်မြှောင်၊ ငါက ကျောင်းမြှောင် ဘယ်ဟာမှန်လဲ"

အိမ်မြှောင်ကလေးဟာ ကိုရင်ကြီးရဲ့လက်မှာ တွယ်ကပ်နေတယ်။ ကျောင်သားလေးက တစ်ချက် စိုက်ကြည့်ပြီးပြောတယ်။

"ကိုရင်တို့နှစ်ယောက်လုံး မှားတယ်"

"ဟေ...ဘာပြုလို့"

ကျောင်းသားရော ကိုရင်ပါ ပြိုင်တူမေးလိုက်ကြတယ်။

"ဒီကောင်ဟာ အိမ်မြှောင်လည်း မဟုတ်ဘူး။ ကျောင်းမြှောင်ကောင်လည်း မဟုတ်ဘူး"

"ဒါဖြင့်...ဘာလဲကွာ"

"လက်မှာကပ်မြှောင်နေတဲ့ကောင်ဟာ လက်မြှောင်ပေါ့ဗျ"

"ဟာ... အာဂကောင်ပါကလား"

ကိုရင်ရော ကျောင်းသားရော၊ ကသိကအောက် ဖြစ်သွားကြတယ်။ သို့ပေမဲ့ တစိမ့်စိမ့်တွေးပြီး တဟားဟား ရယ်ကြရတယ်။ တခြား ကျောင်းသားကြီးတွေ သာမဏေတွေနဲ့ ဦးပဉ္စင်းတွေကို ပြောပြ ပြန်တော့လည်း တဝါးဝါး တဟားဟားနဲ့ သဘောကျနေကြတော့တယ်။

အဲဒီသတင်းကြောင့် ကျောင်းရောက်စ ခုနစ်နှစ်သားကလေးဟာ တစ်ကျောင်းလုံးမှာ ထင်ရှား သွားတယ်။ သူဟာ မကြာခင်မှာပဲ တစ်နယ်လုံး ယောက်ယက်ခတ်သွားမယ့် ကိစ္စတစ်ခုကို ဆောင်ရွက် ပြန်တယ်။

အဲဒါကတော့ ကလေးပီပီ ဆာလောင်တတ်တဲ့အကျင့်က စတာပါပဲ။

ကိုရင်နာဂနဲ့ ကိုရင်ကောသလပေါ့။

"ကျက်သရေခန်းဖွင့်ထားတုန်းက လှမ်းမြင်ရတယ် ကိုရင်ရဲ့၊ ထုပ်တန်းမှာ ထန်းလျက်အိုးတွေဆွဲ

mmyoe.com

ထားတာ စိနေတာပဲ၊ စားချင်လိုက်တာ ကောသလရာ"

"ခန်းစိုးကိုရင်ကို ချဉ်းကပ်ပေါ့ ကိုရင်နာဂရဲ့"

"ရပါလိမ့်မယ်...ဝေးသားပဲ"

ကိုရင်နာဂက ကလေးပီပီ မဲ့ရွဲ့ပြီး ပြောတယ်။ သူတို့နှစ်ပါးအနားက ခုံတန်းလျားပေါ်မှာတော့ နာမည်ကျော်ကျောင်းသား ဂျာရစ်ကလေးလေ။ လက်ကိုလည်း စုပ်နေသေးတယ်။ ခြေနှစ်ဖက်ကိုလည်း လှုပ်ယမ်းနေသေးတယ်။

"ခန်းစိုးကိုရင်နဲ့ ဆရာတော်အလစ်မှာ ဝင်ယူမယ်ကွာ"

"အဒိန္နာဒါနာကံထိုက်ရင် လိင်ကျမှာပေါ့ကိုရင်ရဲ့၊ လိင်ကျရင်လူဖြစ်တယ်၊ လူဖြစ်ရက်နဲ့ ကိုရင် ဆက်ဝတ်နေရင် ပိုပြီးအပြစ်ကြီးတယ်။ ခိုးမှုနဲ့ ဆရာတော်ကလည်း ရိုက်ဦးမယ်"

"တော်တော်ခက်ပါကလား"လို့ပြောပြီး ကိုရင်ကောသလဟာ တံတွေးကို ဂွတ်ခနဲ မျိုချလိုက်တယ်။

"ကိုရင်တို့ အပြစ်လွတ်တဲ့ထန်းလျက်ကို တကယ်စားချင်ကြသလား"

မေးလိုက်သူက ဂျာရစ်ကလေးပေါ့...

ကိုရင်နှစ်ပါးက ဖျတ်ခနဲ ပြိုင်တူလှည့်ကြည့်တယ်။ ကောင်ကလေး ဖြစ်နေတဲ့အတွက် ငေါက်ငမ်းပစ်မယ် စိတ်ကူးမိသေးတယ်။ ဒါပေမဲ့ ဒီကောင်လေးဟာ သာမန်ကောင်လေး မဟုတ်ဘူးဆိုတာ သိတော့ လေသံပျော့သွားတယ်။

"ဘယ့်နှယ်ပြောပါလိမ့်ကွာ...သိပ်ပြီး စားချင်တာပေါ့"

ကိုရင်ကောသလက ညင်ညင်သာသာဖြေတယ်။

"တပည့်တော် ပြောတဲ့အတိုင်း ယူစားရင် အပြစ်ရှိမှာ မဟုတ်ဘူး ကိုရင်ရဲ့၊ ဒီလိုဆိုရင် လိင်လည်း မကျ၊ ဆရာတော်လည်း မရိုက်ဘူးဗျ"

"ဟုတ်ပါပြီကွာ ပြောစမ်းပါဦး"

ကိုရင်နာဂက သိချင်စိတ်ကို မမျိုသိပ်နိုင်သလို ဖြစ်လာတယ်။

ကိုရင်နာဂက အရပ်မြင့်တဲ့သူဆိုတော့...အောက်ကကုန်းပါ။ ကိုရင် ကောသလက ကိုရင်နာဂ ရဲ့ကျောပေါ်တက်စီးပါ"

ကိုရင်နာဂသည် ဂျာရစ်ကလေးစကားအတိုင်း ကိုရင်ကောသလကို 'ကုန်းပိုး'လိုက်တယ်။ ကိုရင် ကောသလကလည်း တက်စီးထားတယ်။

"ကိုရင်တို့ ဘာမှမလုပ်နဲ့ဦး၊ တပည့်တော် ပြောထားတာကို သေသေချာချာ နားထောင်ကြဦး"

ကိုရင်နှစ်ပါးဟာ ဂျာရစ်ရဲ့ အမိန့်စကားကို နားထောင်ကြတယ်။ မူလနေရာကို ပြန်ထိုင်ကြရ တယ်။

"ကုန်းပေးရတဲ့ ကိုရင်နာဂက ထန်းလျက်အိုးကို လုံးဝ မော့မကြည့်ရဘူး။ ထန်းလျက်အိုးအောက် ကို ရောက်အောင်သွားပါ။ ထန်းလျက်အိုးကို နှိုက်လို့ရတဲ့ နေရာကိုရောက်ရင် ကိုရင်ကောသလက

mgyoe.com

ထန်းလျက်ကို နှိုက်ယူပါ၊ လိုချင်သလောက်ပေါ့ဗျာ"

"မင်းအကြံ မဆိုးဘူးဟေ့"

ကိုရင်ကောသလက ချီးမွမ်းပေမဲ့ ကိုရင်နာဂက သဘောမပေါက်ဘူး။ ပြုံးရမလို၊ ရယ်ရမလိုဆိုတဲ့ မျက်နှာမျိုး ဖြစ်နေရှာတယ်။

အဲဒါကြောင့် ဂျာရစ်ကလေးက ထပ်ပြီး ရှင်းပြရပုံက ဒီလို...

"ထန်းလျက်ပျောက်မှုနဲ့ ဆရာတော်ခေါ်ပြီး စစ်တဲ့အခါကျတော့ ကိုရင်နာဂ လျှောက်ပေါ့ဗျ"

"လုပ်ပါဦးကွ ဘယ်လိုလျှောက်ရမှာလဲ"

"တပည့်တော် ထန်းလျက်ခိုးဖို့မဆိုထားဘိ၊ မော့လို့တောင်မကြည့်မိပါဘူးဘုရား လို့လျှောက်ရမယ်"

"အေး...အေး၊ တယ်တော်တဲ့ ကောင်ပဲကွ"

ကိုရင်နာဂဟာ ဂျာရစ်ရဲ့ခေါင်းကလေးကို ပွတ်ပေးမိတယ်။

"ကိုရင်ကောသလကတော့ တပည့်တော်ဖြင့် ထန်းလျက်အိုးရှိတဲ့နေရာကို တစ်လှမ်းတောင် မသွားဖူးပါဘူးဘုရားလို့လျှောက်ပေါ့။ လိမ်ပြီး မလျှောက်ရင် ဘယ်လိုလုပ်ပြီး လိင်ကျမလဲ"

"ဟုတ်တယ်ဟေ့...မင်းတော်တယ်"

ဘာပဲဖြစ်ဖြစ် ပိုင်ရှင်ဖြစ်တဲ့ ကျက်သရေခန်းအုပ်စိုးသူ၊ သာမဏာမပေး တဲ့ ပစ္စည်းကိုယူကတည်းက ခိုးရာမြောက်နေပြီ လိင်ကျနေပြီ။

ဒါပေမဲ့ ကလေးသာဖြစ်တဲ့ သာမဏေတွေ မသိသလို ခုနစ်နှစ်သားသာသာ ရှစ်နှစ်သားသာရှိတဲ့ ဂျာရစ်ကလေးကကော ဘယ်လိုလုပ်ပြီး သိပါ့မလဲ။ မသိတဲ့သူ အကြံပေးသလို၊ မသိတဲ့ ကိုရင်တွေက လုပ်ကြတာပဲ။

ဂျာရစ်ကလေး ပြောသလို လုပ်တဲ့အတွက် ကိုရင်တွေမှာ စိတ်သန့်သန့်နဲ့ ထန်းလျက် သုံးစွဲကြရတယ်။ ဆရာတော် စစ်မေးတဲ့ အခါမှာလည်း ဂျာရစ်ကလေး သွန်သင်တဲ့အတိုင်း လျှောက်ထားကြလို့ အပြစ်လွတ်တယ်။

သို့ပေမဲ့ ကိုရင်တွေကနှုတ်မလုံဘူး။

အမှုပြီးစီးသွားပြီဆိုပြီး သူတို့လုပ်ပုံတွေပြောပြီး တသောသောရယ်မောတယ်လေ။ တစ်ယောက် စကား တစ်ယောက်နားဆိုတော့ ဒီသတင်းဟာ ဦးပဉ္စင်းတွေဆီ ရောက်သွားတယ်။ ဦးပဉ္စင်းတွေက တစ်ဆင့် ဆရာတော်ဘုရားနားတော်ကို ပေါက်ကြားသွားတဲ့အခါမှာ အရိုက်လည်းခံရတယ်၊ လိင်လည်း ပြန်ကြရတယ်။

လိင်ပြန်တယ်ဆိုတာ လူထွက်ရတာကို ပြောတာပါ။ ဂျာရစ်ကလေးကို တော့ နည်းနည်းပါးပါး ငေါက်ငမ်းထားမှဆိုပြီး ခေါ်ပြီးမေးမြန်းပုံက ဒီလိုလေ...

"ဟဲ့...ကြံဖမ်း"

"ဘုရား"

mgyoe.com

mgyoe.com

"ကိုရင်ကောသလနဲ့ ကိုရင်နာဂကို ထန်းလျက်ခိုးနည်းသင်ပေးတယ်ဆိုတာ ဟုတ်သလားဟဲ့"

"တပည့်တော်က သင်ပေးတာမဟုတ်ပါဘူးဘုရား။ ဒီလို...ဒီလိုလုပ်ရင် ဒီလိုပြောရင် အပြစ်လွတ်ကောင်းရဲ့လို့သာ "အထင်"ကိုပြောမိတာပါ ဘုရား"

ရှစ်နှစ်သားကလေးက ဒါလောက်ကြံစည်တတ်တာ၊ ဒီလိုရှောင်တိမ်း လျှောက်ထားတာကို ဆရာတော်ကြီးဟာ သဘောတွေ့ဟန်တူပါရဲ့ တစ်ဖက်ကို မျက်နှာလှည့်ပြီး ပြုံးတော်မူတယ်။

သို့ပေမဲ့ မှတ်ချက်ချလိုက်တဲ့ မိန့်တော်မူစကားကတော့ ဂျာရစ်ကလေး မောင်ကြံဖမ်းအတွက် မကောင်းလှဘူး။

သတိထားကြပေတော့ဟေ့၊ ဒီကလေးဟာ အရွယ်နဲ့မလိုက်အောင် ဉာဏ်သွားလွန်းတယ်။ စကားကြွယ်လွန်းတယ်။ ထိးပေါက်နန်းပေါက် ကျော်ကြားသွားရင်တော့ ပလွှားမာန်မူ ဉာဏ်တံခွန်ထူတော့မှာပဲ။ မောက်မာထောင်လွှားတဲ့ မင်းမှူထမ်းဟာ ပျက်စီးတတ်တယ်။

ဟုတ်တယ်။

ဆရာတော်ရဲ့ မိန့်ကြားစကားဟာ အင်မတန်မှန်ကန်နေလို့ပဲ။ ဘာကြောင့်လဲဆိုတော့ ဂျာရစ်ကလေးဟာ ဘုရင်ဒုတိယမင်းခေါင်လက်ထက်မှာ ထင်ရှားကျော်ကြားတဲ့ "ခုံတော်မောင်ကျာဘမ်း" ဖြစ်လာလို့ပေါ့...

ဆရာတော်မိန့်ကြားတဲ့စကားဟာ ထပ်ပြီးမှန်သေးတယ်။

ခုံတော်မောင်ကျာဘမ်းဟာ စာလည်းတတ်တယ်။ ဗဟုသုတလည်းပြည့်စုံတယ်။ ဒါကြောင့် သူ့ကိုတော်ရုံတန်ရုံလူက ပြိုင်ဆိုင်ကော်ကပ်ပြီး မပြောနိုင်ဘူး။ သူဟာ ရှေ့နေလည်း ဖြစ်တဲ့အတွက် သူလိုက်တဲ့အမှုဟာ နိုင်တာများတယ်။

နေရာတကာမှာ သူချည်း အထက်စီး ရလာတဲ့အတွက် ဦးကျာဘမ်းဟာ ဘဝင်မြင့်လာတယ်။ မောက်မာလာတယ်။ ရိုင်းစိုင်းလာတယ်။ ရိုသေရမယ့်လူကို မရိုသေတော့ဘူး။

အဲသလို မောက်မာရိုင်းစိုင်းတဲ့ ဦးကျာဘမ်းရဲ့မာနအစွယ်ကို ချိုးဖဲ့ပစ်နိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ရှင်ဥတ္တမကျော်ဆိုတဲ့ ရဟန်းတော်ပါပဲ။

ခုံတော်မောင်ကျာဘမ်းဟာ အောက်ရုံးတွေက သူ့ကိုအနိုင်မပေးရင် မကျေနပ်ဘူး။ လွှတ်တော်အထိတက်တယ်။ ကြံဖန်ကတ်သတ်ပြီးပြောတယ်။ ကြာလာတဲ့အခါမှာ အရပ်ရပ်တရားရုံးတွေက ရှေ့နေဦးကျာဘမ်းကို ပယ်ပစ်တယ်။

ရှေ့နေအဖြစ်က ပယ်ပစ်လိုက်ပြန်တော့လည်း သူ့အရှိန်အဝါက မမှိန်ဘူးလေ။ ရှေ့နေပေါက်စလေးတွေကို သင်တန်းပေးတယ်။ ဒီအမှုကို ဒီလိုလုပ်၊ ဒီလိုလျှောက်ဆိုပြီး သညာပေးတဲ့အတွက် အိမ်မှာနေရင်းနဲ့ ရှေးကထက် လာဘ်လာဘ ရွှင်တယ်တဲ့။

အဲဒီလိုဖြစ်နေပြန်တော့ သူ့ဆီမှာတပည့်ခံနေတဲ့ ရှေ့နေတွေကချည်း အမှုနိုင်တယ်။ တရားခရီးဌာနက ဦးကျာဘမ်းကို ဒီလိုလွှတ်ထားရင် ခက်မယ်ဆိုတာမြင်လာတယ်။ ဒီအတွက် သူ့ကိုတာဝန်တစ်ခုနဲ့ ဖမ်းနှောင်ထားလိုက်တယ်။

mgyoe.com

ဦးကျာဘမ်းယူရတဲ့ တာဝန်ကတော့ "ခုံမင်း"ပါပဲ။

ခုံမင်း... ခုံတော်ဆိုတာဟာ တရားသူကြီးချုပ်အဆင့်လောက် ရှိမယ်ထင်ပါရဲ့။ သူ့ကို မောင်ကျာဘမ်းလို့ခေါ်တာကတော့ ကျရာကြုံရာစကားကို ဖမ်းယူပြီး အလိုက်သင့် အနေမှန်ဖြစ်အောင် ပြောဆိုတတ်လို့ပဲ။ သုံးစွဲတတ်လို့ပဲ။

သူ့မိဘများကတော့ ဦးညဏ်လင်းနဲ့ ဒေါ်နှင်းဖဲတို့ ဖြစ်ကြပါတယ်။ ပုဂံမြို့ မှန်ကြိုးတန်းရပ်မှာ သူ့ကိုဖွားတယ်။

သူ့အဖေဟာ ပုဂံမြို့ အစိုးရင်မှူး "ဦးမြူး" ရဲ့သားဖြစ်တယ်။ သူ့အမေ ဒေါ်နှင်းဖဲကတော့ မှူးမတ်မျိုးနွယ်လို့ သာမန်ပဲသိရတယ်။ မွေးသက္ကရာဇ် အတိအကျမသိရပေမဲ့ ရှင်ဥတ္တမကျော်တို့ မွေးဖွားတဲ့ မြန်မာသက္ကရာဇ် ၈၁၅ ခုနှစ် ပတ်ဝန်းကျင်လို့ ခန့်မှန်းနိုင်ပါတယ်။

### ကျမ်းကိုးစာရင်း

ဆရာဦးမောင်မောင်တင် စကားဘုရင်ခုံတော်မောင်ကျာဘမ်း၏ "ခေတ်စမ်းပုံပြင် ဝတ္ထုများ"။ မောင်သုတ၏ "စာဆိုတော်များအတ္ထုပ္ပတ္တိ"။ လှသမိန်၏ "ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်"။

❒

mgyoe.com

mgyoe.com



## ခြောက်နှစ်သား စာရေးဆရာ

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၁၀ က အင်းဝမှာ ခြောက်နှစ်သား စာရေးဆရာလေး တစ်ဦး ပေါ်ပေါက်ခဲ့ဖူးတယ်။ ခုနှစ်သက္ကရာဇ် အတိအကျပြောရရင်တော့ မြန်မာသက္ကရာဇ် ၈၃၀ ခုနှစ်ကပေါ့။

အဲဒီစာရေးဆရာငယ်ကလေးရဲ့နာမည်က "မောင်မောက်"တဲ့။ သူ့အဖေရဲ့အမည်က ဓမ္မပါလ အမတ်ကြီးဖြစ်တယ်။ အင်းဝဘုရင်ရဲ့ နန်းတွင်းမှာ အမှုထမ်းရတဲ့ အမတ်ကြီးပါပဲ။

မောင်မောက်ရဲ့ အမေကတော့ အင်းဝမြို့ကိုတည်ထောင်တဲ့ သတိုးမင်းဖျားရဲ့ အဆက်အနွယ် ဆိုတာပဲ သိရတယ်။ မောင်မောက်ကို မြန်မာသက္ကရာဇ် ၈၃၀ ပြည့်နှစ်၊ ဝါဆိုလမှာ အင်းဝမြို့မှာ ဖွားမြင်ခဲ့တယ်။

မောင်မောက်ရဲ့အဖေ ဓမ္မပါလအမတ်ကြီးဟာ ရိုးရိုးအမတ်မဟုတ်ဘူး။ ပြည်စုန်မင်းသီဟသူနဲ့ သားတော် ဒုတိယမင်းခေါင်တို့ရဲ့ ယုံကြည်ကိုးစားခံရတဲ့ ပညာရှိအမတ်ကြီးပဲ။

ပညာရှိအမတ်ကြီးရဲ့ သားဖြစ်တဲ့အတွက် မောင်မောက် နေ့စဉ် ကြားမြင်တွေ့ထိနေရတာတွေက ဘာတွေများမယ်ထင်သလဲ။

mgyoe.com

စာကြောင်း၊ ပေကြောင်း၊ တရားဓမ္မအကြောင်းတွေပေါ့…

ကဗျာအကြောင်း၊ ဥပဒေအကြောင်း၊ ဓမ္မသတ်အကြောင်းတွေပေါ့…

ရာဇဝင်အကြောင်း၊ နီတိအကြောင်း၊ ကိုရမ်ကျမ်း အကြောင်းတွေပေါ့…

အဲဒါကြောင့် ဒီကလေးရဲ့မှတ်ဉာဏ်ထဲမှာ ကဗျာတွေ၊ ကာရန်တွေ၊ နိပါတ်တော်ဇာတ်လမ်းတွေ၊ ရာဇဝင်ပါ အကြောင်းအရာတွေ ပြည့်ဝစုံလင်နေလိမ့်မယ်။

အဲဒါကြောင့် မောင်မောက်ကလေးဟာ အသက် ခြောက်နှစ်၊ ဆယ်နှစ်အကြားမှာ စာစတင်ရေးရတယ်လို့ တချို့ အမှတ်အသားတွေက ဆိုကြတယ်။ သူ ရေးတဲ့စာတွေကတော့ ဘူရိဒတ်ဇာတ်တော်ကြီးနဲ့ အခြားဇာတ်တော်တွေပဲ။

စောဒကတက်စရာတော့ ရှိပါတယ်။

ငါးနှစ်သားအရွယ်မှာမှ စာစသင်ကြားရမယ့် ကလေးဟာ ခြောက်နှစ်သားမှာ ဇာတ်တော်ကြီးတွေကို ရေးနိုင်မလား။ စသည်ဖြင့်ပေါ့…

ဟုတ်ပါတယ်၊ မေးစရာပါပဲ။

ဒါပေမဲ့… ဒီလိုရှိပါတယ်။

သူဟာ စာသံကဗျာသံတွေ ကြားထဲမှာ ကြီးပျင်းရတဲ့အတွက် ကာရန်ကိစ္စ၊ အသံကိစ္စ မခဲယဉ်းတော့ဘူး ထင်ရပါတယ်။ အကြောင်းအရာတွေကလည်း အိပ်ရာဝင်ပုံပြင်ပြောသလို ထပ်တလဲလဲကြားနေရတာ မဟုတ်လား။ သည်တော့ အကြောင်းအရာနဲ့ ဇာတ်လမ်းမှာလည်း မောင်မောက်ဟာ ခက်စရာ မရှိတော့ပါဘူး။

ပြောစရာရှိတာက ရေးတတ်ပြီလား။

စာကြားပေကြားမှာ ကြီးပြင်းလာတဲ့ကလေး။

ပြီးတော့ ထက်မြက်တဲ့ကလေး။

အဲဒီကလေးဟာ တတ်မြောက်မှုလျင်မြန်မယ်။ စာပေနှင့် ရင်းနှီးပြီးသား ကလေးဟာ မင်္ဂလသုတ်ကုန်ရင်ပဲ စာပေရေးဖွဲ့ စပ်ဆိုမယ်ဆိုရင် စပ်ဆိုနိုင်လောက်ပါတယ်။

ဒါကြောင့် မောင်မောက်ဟာ ခြောက် နှစ်သားက၊ ဆယ် နှစ်သားအတွင်းမှာ ဘူရိဒတ်ဇာတ်တော်ကြီးနဲ့ အခြားဇာတ်တော်တွေကို ရေးဖွဲ့နေပြီဆိုတဲ့ အဆိုဟာ မှန်လောက်စရာ ရှိပါတယ်။ လက်ခံသင့်တယ်လို့ ထင်ပါတယ်။

ဒီအကြောင်းကို ထောက်ခံတဲ့ အဖြစ်အပျက်ကလေး တစ်ခုကို ဖော်ပြပါဦးမယ်။ အဲဒါကတော့ မောင်မောက် ဆယ်နှစ်သားမှာ ကဗျာစပ်ဆိုတဲ့ အကြောင်းလေး။

စပ်ဆိုတဲ့ကဗျာက ဖြုန်းခနဲစပ်ရတာ။

အဲဒီလက်တန်းစပ်ရတဲ့ ကဗျာကို စပ်ဆိုရတဲ့ နေရာက နန်းတော်ထဲမှာ ပြီးတော့ အပျိုတော်တွေ၊ မင်းညီမင်းသားတွေ၊ မှူးမတ်တွေ၊ ပညာရှိကြီးတွေရဲ့ ရှေ့မှာ။

တစ်ခုသောနေ့မှာ ဘုရင်မင်းမြတ်ရဲ့ သမီးတော်သုံးပါးကို နားထွင်းတဲ့ နားသမင်္ဂလာ ကျင်းပ

တယ်။ ကျင်းပတဲ့ နေရာကတော့ နန်းတော်ထဲမှာပေါ့...

အဲဒီနားသမင်္ဂလာကို အမတ်ကြီးဓမ္မပါလ တက်ရောက်တယ်။ လက်ဆောင်တွေလည်း ပါတယ်။ သားကလေး မောင်မောက်လည်း ပါလာတယ်။

ဘုရင်မင်းမြတ် ရှေ့တော်အရောက်မှာ ဘုရင်ကြီးက အမတ်ကြီးကို ဒီလို အမိန့်တော်ရှိတယ်။

"အမတ်ကြီး ဓမ္မပါလ၊ ငါ့သမီးတော်များရဲ့ နားထွင်းမင်္ဂလာပွဲအကြောင်းကို စာဆိုစမ်းမောင်မင်း"

ဒီအခါမှာ အမတ်ကြီးဘေးမှာ ကပ်ပြီးပါလာတဲ့ မောင်မောက်ကဝင်ပြီး ဟောဒီလိုလျှောက်တယ်။

"မှန်လှပါ၊ ခမည်းတော်ကိုယ်စား ကျွန်တော်မျိုး ဆိုပါရစေဘုရား"

"ဟဲ့...မောင်မောက်လား၊ ကိုင်း...ဆိုစမ်းလကွာ"

"ရွှေနားဆင်တော်မူပါဘုရား"

ဆယ်နှစ်သားအရွယ် မောင်မောက်က တစ်မုဟုတ်ချင်းဆိုလိုက်တဲ့ စာကတော့...

အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော် နတ်သော်ပုံမယွင်း။

အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော် ရွှေလှော်သွန်းပုံဆင်း။

အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော် စန္ဒော်လနှယ်ဝင်း။

အဲဒီလို ဆယ်နှစ်သားကလေးဆိုတဲ့စာ၊ လက်တန်းဖွဲ့ကဗျာကို တစ်နေ့ ပညာရှိတွေ အမြတ်တနိုး မှတ်သားရတယ်။ ကျက်မှတ်ပြောဆိုကြရတယ်။

၈၄၃ ခုနှစ် မောင်မောက် ၁၂ နှစ်သားမှာတော့ "သုံးဆယ့်နှစ်ပါး" ချီ၊ ရတနာပူရအင်းဝမြို့ တောင်မှာရှိတဲ့ တံတားဦးစေတီကျောက်စာမော်ကွန်းကို ရေးပြန်တယ်။

ဒါလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ စာကြီးပေကြီးတွေကို ဆိုနိုင်ရေးနိုင်တဲ့ ဒီကလေးဟာ မြန်မာ စာပေသမိုင်းမှာ အလွန်ထင်ပေါ်ကျော်ကြားတဲ့ "အရှင်မဟာရဋ္ဌသာရအကျော်" ကိုယ်တော်ကြီးပါပဲ။

သူဟာ...

တံတားဦးမင်္ဂလာစေတီ ကျောက်စာသမိုင်းမော်ကွန်းနဲ့ မရှေးမနှောင်း မှာ "ဟတ္ထိပါလာဇာတ်" ကိုရေးတယ်။

အဲဒီနောက် သက္ကရာဇ် ၈၄၆ ခုနှစ် မောင်မောက် အသက် ၁၆ နှစ်သား မှာ "သာကိယ" အစချီတဲ့ ဘူရိဒတ်လင်္ကာကြီးကို ရေးတယ်။

အသက် ၁၉ နှစ်မှာ ပိဋကတ်သုံးပုံကို အလွတ်ရွတ်ဆိုနိုင်တဲ့ "ဝေဒတ္တ ပါရဂူ" ဖြစ်လာပြီ။

ရဟန်းဝတ်ပြီး အသက် ၂၅ နှစ်ကျတော့ "သြဃာသဝ" အစချီတဲ့၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့ကို ရေးတယ်။

သက်တော် ၃၇ နှစ်မှာ "ပွင့်လောပြည်လုံး" ချီ ပုံတောင်နိုင်မော်ကွန်း။

အသက် ၄၅ နှစ်မှာ "ဇာတိပုည" ချီတဲ့ စတုဓမ္မသာရကိုးခန်းပျို့ခေါ်တဲ့ "ဟတ္ထိပါလပျို့" ကို ရေးတယ်။

အခြေအနေအရ ပြည်မြို့ကို ရောက်သွားတဲ့အခါမှာ ဘုရင်သတိုးမင်းစောက အကြီးအကျယ်

mgyoe.com

mgyoe.com

ပူဇော်ကိုးကွယ်တယ်။ သံဃရာဇာ၊ သာသနာပိုင် ရဟန်းဘုရင်အဖြစ် ချီးမြှောက်ပြန်တယ်။

သျှင်မဟာရဋ္ဌသာရ ပြုစုခဲ့တဲ့ စာပေတွေထဲမှာ ဟောဒီကျမ်းတွေ ပါဝင်ခဲ့တာပေါ့...

၁။ စတုဓမ္မသာရပျို့

၂။ ဂမ္ဘီသာရပျို့

၃။ ဘူရိဒတ်ဇာတ်ပေါင်းပျို့

၄။ ဘူရိဒတ်လင်္ကာကြီး

၅။ သံဝရပျို့

၆။ ပုံတောင်နိုင်မော်ကွန်း

၇။ ရတနာပူရမြို့တည်မော်ကွန်း

၈။ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း

၉။ တံတားဦးတည်မော်ကွန်း

၁၀။ ရဲရည်တက်မော်ကွန်း

၁၁။ ရတုကဗျာများ (တောင်တဲတွန့်ရတု)

၁၂။ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်း

၁၃။ ဆုံးမစာလင်္ကာ

၁၄။ ရာဇဝသတီခန်းပိုဒ်စုံရတု

၁၅။ လက်သစ်တောင်တာဆုံးမစာ

၁၆။ ရွှေစက်တော်သွားတောလား

၁၇။ ဒုတိယမင်းခေါင်ထံသွင်းမေတ္တာစာ ။

ပြီးတော့ရှိသေးတယ်...

"မိန့်သည်မှာ၊ နာလေ့နား၊ စားမြက်မြက်၊ ထက်အောက်သွေး၊ ရှေးကထုံး၊ သုံးယောက်လူ" ဆိုပြီး သုံးလုံးတွဲစပ်ဆိုထားတဲ့ "ဝဲရိက်ဝဲသွင်း လင်္ကာဆုံးမစာ" ဟာလည်း ကဗျာစာပေနယ်မှာ ထင်ရှား လာတယ်။ အဲဒီစာဆို ပုဂ္ဂိုလ်ကျော်ကြီးဟာ အသက် ၆၂ နှစ်၊ ၈၇၂ ခုနှစ်မှာ ကွယ်လွန်ရှာတယ်။

**ကိုးကားသောစာအုပ်များ**

မှန်နန်းမဟာရာဇဝင် ပထမတွဲ။ မြန်မာစာညွှန့်ပေါင်းကျမ်း ပထမတွဲ။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)၊ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ် (လှသမိန်)၊ စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ (ဒဂုန်နတ်ရှင်) ။

❒

mgyoe.com

mgyoe.com



## ၁၅ နှစ်သား ရှင်ဘုရင်

ဒီနေ့ဟာ မြန်မာသက္ကရာဇ် ၈၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော်တစ်ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်တယ်။ ကေတုမတီနိုင်ငံတော်ကြီး ဘုရင်မင်းကြီးညိုရဲ့ မိဖုရားငယ်တစ်ပါးမှာ သားယောက်ျားလေး ဖွားမြင်တယ်။ မိဖုရားငယ်ရဲ့အမည်က ခင်ဦးဖြစ်တယ်။ သူဟာ ငွေ့ကုန်းရွာသူကြီး သူရကျော်ခေါင်သမီးပေါ့။

မိဖုရားငယ် ခင်ဦးက ဖွားမြင်တဲ့ အဲဒီကလေးခေါင်းမှာ ထူးခြားတဲ့ ဆံပင်တစ်ချောင်း ပါလာတယ်။ ဒါကြောင့် သူ့ကို တပင်ရွှေထီးလို့ ခေါ်ကြတယ်။

တပင်ရွှေထီးရဲ့ ကစားဖော်ကစားဖက် အချစ်ဆုံးသူငယ်ချင်းက ရဲထွတ်ဆိုသူပဲ။ ရဲထွတ်ဟာ ရွှေထီးထက် ၃ လကြီးတယ်။ တပင်ရွှေထီးကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ အထိန်းတော်ကြီး မင်းရဲသီဟသူရဲ့သားလေ။

ကေတုမတီမြို့တော်ကြီးကို တည်ထောင်ခဲ့တဲ့ "မဟာသီရိဇေယျသူရ" မင်းကြီးညိုဟာ မြန်မာ သက္ကရာဇ် ၈၉၂ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့မှာ နတ်ရွာစံတယ်။ ဒီအခါ တပင်ရွှေထီးဟာ ကေတုမတီနိုင်ငံရဲ့ ဘုရင်ဖြစ်လာတယ်။

တပင်ရွှေထီးဟာ ရှင်ဘုရင်ဖြစ်ချိန်မှာ ၁၅ နှစ်ကျော်၊ ၁၆ နှစ်သားပဲ ရှိသေးတယ်။ ရှေးခေတ် ယောက်ျားများဟာ နားကိုအပေါက်ဖောက်လေ့ရှိကြသလို တပင်ရွှေထီးဟာလည်း နားထွင်းရဦးမယ်။ ရှင်ဘုရင်ဖြစ်ချိန်မှာ သူဟာ နားမထွင်းရသေးဘူး။

mgyoe.com

mgyoe.com

သူဟာ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပဖို့ လိုလာတယ်။ သူ့ရဲ့ နားထွင်းမင်္ဂလာကို ရွှေမော်ဓော ဘုရားရင်ပြင်တော်ပေါ်မှာ ကျင်းပဖို့စီစဉ်တယ်။

ရွှေမော်ဓောဘုရားဟာ ဟံသာဝတီဘုရင်ရဲ့ ပိုင်နက်နယ်မြေထဲမှာရှိတယ်။ ဟံသာဝတီဟာ တပင် ရွှေထီးတို့၊ ဖေယျာဝဂ်ဋ္ဌနတိုင်းကို မုန်းတီးနေတဲ့ ရန်သူလည်းဖြစ်တယ်။ အဲဒီလို ရန်သူ့မြေပေါ်ကိုသွား ပြီး နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပမယ် ဆိုတဲ့အခါမှာ ရှင်ရဲထွတ်ကလည်း မတားဘူး။

ရှင်ရဲထွတ်ဟာ တပင်ရွှေထီးရဲ့ အစ်ကိုနေရာကို ရောက်နေတယ်။ ရနေတယ်။ ဒါပေမဲ့ သူဟာ မတားတဲ့အပြင် မြှောက်ပေးတယ်။ လိုအပ်တာတွေကိုတောင် ဖြည့်စွက်ပေးသေးတယ်။

ရှင်ရဲထွတ်ရဲ့ အစီအစဉ်အရ ရွှေမော်ဓောကို လိုက်ရမယ့် မြင်းတပ်သားငါးရာကို ရွေးချယ်တယ်။ သူလည်း ရွှေမော်ဓောကို လိုက်မှာမို့ ရှေ့ဆုံးကနေပြီး အစမ်းသပ်ခံ ပြလိုက်တယ်။

စမ်းသပ်သူများက ရှင်ရဲထွတ်ရဲ့လက်ချောင်းထိပ်ကို အပ်တစ်ချောင်း ထိုးစိုက်တယ်။ အပ်တစ် ဆုံးဝင်သွားအောင် တူနဲ့ရိုက်သွင်းလိုက်တယ်။ ရှင်ရဲထွတ် မျက်နှာပျက်မသွားဘူး။ တွန့်မသွားဘူး။

အရွေးချယ်ခံလိုသူတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတယ်။ အော်တဲ့လူ၊ ညည်းတဲ့လူ၊ ယောင်တဲ့လူတွေ တွန့်သွားတဲ့လူမပြောနဲ့၊ မျက်နှာကလေးရှုံ့သွားရင် 'စံ' မမီဘူးဆိုပြီး ပယ်ချတယ်။ မရှုံ့မမဲ့တဲ့လူမှ စံမှီတယ်၊ ရွေးတယ်။

တပင်ရွှေထီးမှာ ကျွန်ယုံတပည့်ရင်း တစ်ယောက်ရှိတယ်။ နာမည်က ဗလရဲထင်။ ထွားကျိုင်းသန် မာတယ်။ တစ်လျှောက်လုံးလည်း သတ္တိရှိသူရယ်လို့ အသိအမှတ် ပြုထားခဲ့ကြရတယ်။

ဗလရဲထင် သူရဲကောင်းရွေးချယ်ပွဲကို ဝင်လာတယ်။ လက်သည်းထိပ်ကို အပ်နဲ့စိုက်လိုက်တယ်။ ဒါလောက်ကတော့ ဘာအရေးလဲ၊ ဒါပေမဲ့...အဲဒီအပ် တစ်ချောင်းလုံး ဝင်အောင် မြုပ်သွားအောင် ရိုက်သွင်းလိုက်တဲ့ အခါကျတော့ 'ရှီး' ခနဲမြည်ပြီး တွန့်သွားတယ်။ ဗလရဲထင် ပယ်ခံရတော့တာပေါ့...

အရေးကြီးတဲ့ ကိစ္စမှာ သူ့သခင်အပါးက မပါရတာရယ်၊ သူရဲဘောကြောင်သူ အထင်ခံရတာ ရယ် ဗလရဲထင် ထင်မခံနိုင်ဘူး သိပ်ရှက်တယ်။ ဒါကြောင့် သူ့ရင်ဘတ်ကို ဓားမြှောင်ထိုးပြီး ဆွဲချ လိုက်တယ်။ ထွက်လာတဲ့ အူတစ်စကို ရှင်ရဲထွတ်လက်ထဲ လှမ်းပေးတယ်။ ရှင်ရဲထွတ် ကိုင်ထားခိုက်မှာ သူက တအားပြေးတယ်။ အူရှည်လည်းဆုံးရော သူလည်း ဘုန်းခနဲလဲကျပြီး အသက်ပျောက်သွား တယ်လေ။

ဒါဘာလဲ လူစွမ်းကောင်းလား၊ သတ္တိရှင်ကြီးလား။

မဟုတ်ပါဘူး။

အဲဒါနဲ့ပတ်သက်လို့ တပင်ရွှေထီးက ဟောဒီလို မှတ်ချက်ချတယ်။

"ငါ့ကောင် ဗလရဲထင်ဟာ မိုက်တော့မိုက်သားပဲ။ သတ္တိတော့ မရှိရှာဘူး။ မိုက်ရူးရဲပဲ"

ဒါနဲ့ တပ်သားငါးရာပြည့်အောင် စုဆောင်းတယ်။ စီစဉ်ထားတဲ့နေ့ တစ်နေ့မှာ နားထွင်းမေးမို့ ပုဏ္ဏားတွေပါခေါ်ပြီး မြင်းငါးရာနဲ့ ရွှေမော်ဓော မြတ်စွာဘုရားကုန်းတော်ပေါ်ကို လာခဲ့ကြတယ်။

ဟံသာဝတီဟာ တောင်ငူကို ဖြိုဖျက်ခဲ့ဖူးတဲ့ ရန်သူနိုင်ငံပဲ။

mgyoe.com